# အင်းမငယ်ကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းမငယ်ကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁-ခုနှစ်၊ ဧပြီလ

# မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| အင်းမငယ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) **သီးနှံစိုက်ပျိုးရေး** | ၉ |
| | (ခ) **မွေးမြူရေးလုပ်ငန်း** | ၁၀ |
| | (ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၂ |
| ၈။ | ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၃ |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၄

နောက်ဆက်တွဲ ၁၆
နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၆
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၈
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၂
နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၅
နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၆၈
နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၀

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ အင်းမငယ် ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦ:စီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီ း သော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် သရက်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်

ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု

အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မေလ၊ ၂၀၂၁-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းမငယ်ကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အင်မငယ်ကျေးရွာအုပ်စု၊

## အင်းမငယ်ကျေးရွာ၏ ကျေးရွာနှင့် သယံဇာတပြမြေပုံ

### ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ အင်းမငယ်အုပ်စု၊ အင်းမငယ်ကျေးရွာသည် သရက်မြို့နှင့် (၃)မိုင်ခန့် ကွာဝေးပြီး သရက်-မင်းတုန်းကားလမ်း တောင်ဘက်(၁)မိုင်ခန့် အကွာတွင် တည်ရှိပြီး သရက်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ အင်းမငယ်ကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာများနှာ ရွာ၏ အနောက်ဘက်တွင် ပေါက်ပင်ကျေးရွာ၊ အင်းမငယ် ကျေးရွာ၏ မြောက်ဘက်လမ်းအဝင်ဝသည် စက်မှုလက်မှုအစိုးရသိပ္ပံကျောင်းနှင့် မျက်နှာချင်း ဆိုင်လျက် နီးစပ်လျက်ရှိပါသည်။ အင်းမငယ်ရွာနယ်နိမိတ်၏ အနောက်ဘက်တွင် က.ပ.စ အမှတ်(၁၂)စက်ရုံ တည်ရှိပါသည်။

ကျေးရွာအနောက်ဘက်ကဝေတောင်မှ စီးဆင်းသောသဲချောင်းတစ်ခု တည်ရှိပြီး ၎င်းချောင်း၏ ဝဲယာများတွင် သဲနုစိုက်ပျိုးမြေများစွာ တည်ရှိပါသည်။ ကျေးရွာအနီးတွင် တော တောင်အင်တိုင်းများရှိ၍ ပဲ၊ ဝါ၊ စိုက်ပျိုးရေး၊ ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိက အားထားရာဖြစ်ပါသည်။ မိုးရာသီတွင် စပါး၊ နှမ်း၊ ဝါ၊ ပဲစင်းကုန်များ အဓိကစိုက်၍ ဆောင်းကာလတွင် ပဲကြီး၊ ကုလားပဲ၊ ကြက်သွန်နီများ အဓိက စိုက်ပျိုးရာ ဒေသဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တစ်ခါတစ်ရံ မိုးနည်းခြင်း၊ တစ်ခါတစ်ရံ မိုးများခြင်းစသော အနေအထားဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စပါး၊ နှမ်း၊ ဝါ၊ ပဲစင်းကုန်၊ ပဲကြီး၊ ကုလားပဲ၊ နှင့် ကြက်သွန်နီ တို့ကို အဓိကထား စိုက်ပျိုးကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၄၄.၇၅)ဧက၊ ယာမြေ(၁၈၇.၂၅)ဧက၊ ဥယျာဉ်ခြံ (၅.၀၀)ဧက၊ ကိုင်း (၅.၅၀)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၃၄၂.၅၀)ဧက ရှိပြီး တောင်သူအိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (　　)ဧကခန့် ပိုင်ဆိုင်ကြ ပါသည်။ စိုက်ပျိုးရေးရရှိမှုအနေဖြင့် မိုးရေကိုသာ အသုံးပြု၍ စိုက်ပျိုး ကြရပါသည်။

သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်၊ နွားနှင့် ဆိတ်များသာရှိပြီး အခြား ရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိပါ။ မွေးမြူရေးလုပ်ငန်းအား မိသားစုတနိုင်တပိုင်သာ ဆောင်ရွက်ကြခြင်း ဖြစ်ပြီး နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့်သာ ရှိပါသည်။ ကျေးရွာအနီးတွင် တည်ရှိသော ကဝေချောင်းမှ ကျောက်နှင့် သဲ အနည်းငယ် ထွက်ရှိ၍ အခြားဒြပ်၊ သတ္တုမထွက်ရှိနိုင်ပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အင်းမငယ်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ဘာသာရေးအသင်းအဖွဲ့အဖြစ်ဓမ္မစကြာအသင်း၊ ဓမ္မစကူး သင်ကြာရေးအသင်း၊ ပညာရေးကဏ္ဍတွင်းကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာအသင်း၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်ရေးဆွဲခြင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အင်းမငယ်ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စုအများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှု (၁၂.၅)ကေအထက်ရှိ အိမ်ထောင်စု(၃)စု၊ (၅)ကေမှ (၁၂.၅)ကေအတွင်း ပိုင်ဆိုင်မှု (၂၀)စု၊ (၂.၅)ကေမှ (၅)ကေအတွင်း ပိုင်ဆိုင်သူ (၃၀)စု၊ (၂.၅)ကေအောက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၇၀)စုနှင့် မြေမဲ့လက်လုပ်လက်စား အိမ်ထောင်စု(၅၅)စု ရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ နှမ်း၊ ကုလားပဲ တို့ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ (၁)ကေလျှင် အနည်းဆုံး (၃၅)တင်း၊ အများဆုံး (၆၀)တင်းနှင့် ပျမ်းမျှ (၅၀)တင်း ထွက်ရှိပါသည်။ နှမ်းတစ်ကေထွက်နှုန်းမှာ အနည်းဆုံး (၃)တင်း အများဆုံး (၆)တင်း ထွက်ရှိပါသည်။ ကုလားပဲအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံး တင်း(၄၀)၊ အများဆုံး တင်း(၅၀)နှင့် ပျမ်းမျှ(၄၀)တင်းရရှိပါသည်။ ကြက်သွန်သီးနှံမှာ ဆေးဖိုးစသော ကုန်ကြစရိတ်များပြားမှုနှင့် ဈေးနှုန်းမမှန်ကန်မှုတို့ကြောင့် အကျိုးအမြတ် နှစ်စဉ် ပုံမှန် အခြေအနေမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်း မွေးမြူသည့် တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက်၊ ဆိတ်တို့ မွေးမြူကြပြီး နွားအကောင်ရေ (၁၈၃)ကောင်၊ ဝက်အကောင်ရေ(၅၉)ကောင်နှင့် ကြက်အကောင်ရေ (၅၆၆)ကောင်နှင့် ဆိတ်အကောင်ရေ (၂၇၆)ကောင်မွေးမြူထားပါသည်။ ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၅၀)%ခန့် ရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြပါသည်။ ကြက်မွေးမြူရေးအဖြစ် အိမ်ထောင်စု ဦးရေမှာ တစ်ရွာလုံး၏ (၇၅) %ဖြစ်ပြီး ဝယ်လိုအားရှိပါသည်။ ဆိတ်မွေးမြူရေးမှာ ၂၀၂၁ခုနှစ်တွင်၊ (၇)ဦးခန့် စတင်စမ်းသပ်မွေးမြူလျက်ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြင့် ကျေးရွာနေ အိမ်ထောင်စု အားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ အခြားတွဲဘက် ဝင်ငွေရှာဖွေရေး လုပ်ငန်းများအဖြစ် လက်သမား/ပန်းရံလုပ်ငန်း၊ အရောင်းအဝယ်၊ ခေါင်းရွက်ဈေးသည်များ၊ သက်ကယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စက်ချုပ်လုပ်ငန်း စသည်တို့ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက ကျေးရွာနှင့် (၃)မိုင်ခန့်ကွာဝေးသော သရက်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိက ဘဏ်(၄)ခုဘဏ်တို့သို့ သွားရောက်၍ ငွေလွှဲ/ငွေပို့ခြင်းများ ဆောင်ရွက်ကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့ ဈေးကွက်သို့ ပို့ဆောင်ရောင်းချပါသည်။ ကျေးရွာမှ သရက်မြို့သို့ အကွာအဝေးမှာ (၃)မိုင်ခန့်ရှိပြီး ကား/ သုံးဘီး/ ဆိုင်ကယ်တို့ဖြင့် သယ်ယူပို့ဆောင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများအားလုံးမှာ မြေသားလမ်းများ ဖြစ်ပါသည်။ အင်းမငယ်ရွာတွင်းလမ်းမှာ ၂၀၂၂ မေလအတွင်းတွင်မြေနီလမ်းခင်းပြီးဖြစ်ပါသည်။ ကျေးရွာအတွင်းနေထိုင်သည့်အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေး ယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၁၂၃)စီး၊ စက်ဘီး(၂၄)စီး၊ ကား(၃)စီး နှင့် နွားလှည်း (၅၂)စီး ပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၁၅၈)စုအနက် (၇)အိမ်မှ လွဲ၍ လျှပ်စစ်မီး E.P.C သုံးစွဲရရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၂၃၃) လုံး၊ ရေဒီယို (၅)လုံး၊ တီဗွီ (၁၁၈)လုံးနှင့် ဂြိုလ်တုစလောင်း (၁၁၈)ခု ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။

၆။ ပညာရေး

ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိ အခြေခံ မူလွန်တန်းကျောင်း(ခွဲ)တွင် တက်ရောက်သင်ကြား နိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်ပါသည်။

အင်းမငယ်ကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၅၂)ဦး၊ အလယ်တန်းတွင် (၁၈)ဦး၊ အထက်တန်းတွင် (၆)ဦးနှင့် တက္ကသိုလ် တက်ရောက်နေ သူ (၁၀)ဦး ရှိပါသည်။

ကျေးရွာတွင် မူလွန်ကျောင်း(ခွဲ)ရှိပြီး အကျယ်စတုရန်းပေ (၄၈၀၀')ကျယ်ဝန်းပါ သည်။ အမိုး၊ နံရံ၊ အခင်းအရည်အသွေး အသင့်အတင့်ရှိပြီး ကျောင်းသုံးပရိဘောဂ လုံ လောက်မှုအားနည်းပါသည်။ ကျောင်းအိမ်သာအခြေအနေ အသင့်အတင့်ရှိပါသည်။ ကျောင်း တွင် အဟာရတိုက်ကျွေးမှုရှိပါသည်။ အစိုးရခန့် ဆရာ/ဆရာမ (၈)ဦးရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာနေ ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြ ပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်ရေတွင်းများ၊ မော်တာ ရေတွင်းများ၊ အလွယ်တကူ ရရှိပြီး သောက်သုံးရေသန့်ရှင်းသည့်အတွက် ဝမ်းပျက်ဝမ်းလျှော တိုက်ဖိုက်၊ အစာအိမ်ရောင် ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိပါသည်။ HIV/AID ရောဂါဖြစ်ပွားမှု လုံးဝမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် လွန်ခဲ့သော (၁)နှစ်ခန့်က ဆုံစို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသဲရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါများ အတွက် ကာကွယ်ဆေးနှင့် အခြား စုပေါင်း ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင် အာဟာရပညာပေး အစီအစဉ်များ ဆောင်ရွက်ခဲ့ပါသည်။ အရေးပေါ်အခြေအနေ ကျန်းမာရေးရှိပါက သရက်မြို့ ပြည်သူ့ ဆေးရုံနှင့် ကိုယ်ပိုင်ဆေးခန်းများသို့ လွယ်ကူစွာ ဆက်သွယ်၍ ဆောင်ရွက်ကြပါသည်။

ကျေးရွာနေ အိမ်ထောင်စုများ သောက်သုံးရေရရှိမှုအနေဖြင့် အုပ်စီရေတွင်း(၃)တွင်း၊ ပုဂ္ဂလိက ပိုင်ရေတွင်း၊ ရေမြှုပ်စက်တပ်(၈၀)တွင်း၊ မော်တာစက်တပ်ရေတွင်း (၅၀)တွင်း၊ လက်ဆွဲရေတွင်း(၁၀)တွင်း၊ ရေကန်(၂)ကန်၊ ချောင်း(၁)ချောင်းရှိသည့်အတွက် တစ်နှစ် ပတ်လုံး သောက်သုံးရေဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကို အစဉ်တစ်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုမှာ ကျန်းမာရေး ဗဟုသုတရှိသည့်အားလျှော်စွာ

သန့်ရှင်းသော ရေလောင်း၊ ရေလုံအိမ်သာ သုံးစွဲသူ (၁၅၈)စု ရှိပါသည်။

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများ နည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍ အသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အင်းမငယ်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပမ်း ဆက်သွယ်ရေး | မြေနီလမ်းနှင့် ရေထိန်းနံရံခင်းခြင်း | ၉၀ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့်လမ်းအဆင့်မြှင့်တင် ရေးလုပ်ငန်းများဆောင်ရွက်ရန် | |
| ချေးငွေရရှိရေး | မြစိမ်းရောင် စီမံကိန်း ဆောင်ရွက်ခွင့် ရရှိရေး | ၁၀၀ | ၂ | လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာသို့ မြစိမ်းရောင် စီမံကိန်းဆောင်ရွက်ခွင့် ရရှိရေး တင်ပြတောင်းခံရန် | |
| ပညာရေး | စာသင်ကျောင်း ဆောင်တည် ဆောက်ရန် | ၈၀ | ၃ | သက်ဆိုင်ရာ ဌာနများနှင့် ဆက်သွယ်၍ စာသင်ကျောင်းဆောင်သစ် တည် ဆောက်နိုင်ရေးတင်ပြတောင်းခံရန် | |
| စိုက်ပျိုး မွေးမြူရေး မဟုတ်သော လုပ်ငန်းများ | အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၉၀ | ၄ | အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှုအားနည်းသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် | |

| | | | | | |
|---|---|---|---|---|---|
| စိုက်ပျိုးရေ ရရှိရေး | စိုက်ပျိုးရေရရှိရေး အတွက် လယ်ကွင်း အများ ဆုံးရှိသော နေရာတွင် အဝီစိတူးဖော်ရေး | ၈၀ | ၅ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ အဝီစိတွင်း တူးဖော်ရေး အတွက် တင်ပြတောင်းခံရန် | |
| စွမ်းဆောင် ရည်မြှင့်တင် ရေးသင်တန်း | စိုက်ပျိုးရေး နည်းပညာနှင့် အသိပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချရန် | ၈၀ | ၆ | သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများသို့ တင်ပြတောင်းခံရန် | |

## သရက်မြို့နယ်၊ အင်းမငယ်ကျေးရွာအုပ်စု၊ အင်းမငယ်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ဦးကျော်သိန်း | ၈/သရန(နိုင်)၀၃၆၉၁၇ | ၁၉၅၇ | ၁၀-တန်း | ဥက္ကဋ္ဌ | ၀၉-၄၄၈၉၃၅၈၂၉ |
| ၂ | ဦးချစ်မင်းမောင် | ဦးကြည်ဝင်း | ၈/ပခက(နိုင်)၀၅၅၁၈၃ | ၁၉၈၀ | ၈-တန်း | အတွင်းရေးမှူး(၁) | ၀၉-၉၆၀၂၇၄၈၆၅ |
| ၃ | ဦးမြင့်မောင် | ဦးချန်ထွန်း | ၈/သရန(နိုင်)၀၇၀၀၅၃ | ၁၉၇၃ | ၈-တန်း | အတွင်းရေးမှူး(၂) | - |
| ၄ | ဦးမိုးအောင် | ဦးမောင်မောင် | ၈/သရန(နိုင်)၀၁၉၇၀၀ | ၁၉၆၈ | ၄-တန်း | အဖွဲ့ဝင် | - |
| ၅ | ဒေါ်ဇာဇာဝင်း | ဦးလှငြိမ်း | ၈/သရန(နိုင်)၁၃၂၇၇၇ | ၁၉၈၇ | ပထမနှစ် | စာရင်းကိုင် | ၀၉-၄၀၁၅၄၃၀၉၆ |
| ၆ | ဒေါ်တင်မိုးခိုင် | ဦးအောင်ဆွေ | ၈/သရန(နိုင်)၀၈၇၂၂၃ | ၁၉၉၃ | L-L-B | စာရင်းကိုင် | ၀၉-၂၆၄၁၄၂၂၄၀ |
| ၇ | ဒေါ်နွယ်နီဝင်း | ဦးဝင်းဇော် | ၈/သရန(နိုင်)၀၉၁၉၄၆ | ၁၉၉၃ | ၁၀-တန်း | စာရင်းကိုင် | ၀၉-၄၅၅၉၅၉၅၂၄ |
| ၈ | ဒေါ်မိုးမိုးအေး | ဦးပေါက်လှော် | ၈/သရန(နိုင်)၀၈၇၂၅၂ | ၁၉၈၇ | ၄-တန်း | အဖွဲ့ဝင် | ၀၉-၄၂၃၆၃၅၈၆၁ |

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၉ | ဒေါ်ဥမ္မာခိုင် | ဦးညီရွှေ | ၈/သရန(နိုင်)၀၈၇၂၆၃ | ၁၉၈၉ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၄၀၇၃၃၀၉၄၄ |
| ၁၀ | ဒေါ်ယဉ်မိုးခိုင် | ဦးအောင်လင်း | ၈/သရန(နိုင်)၁၁၀၀၆၆ | ၁၉၉၉ | ဒုတိယနှစ် | အဖွဲ့ဝင် | ၀၉–၈၉၆၀၀၃၄၀၃ |
| ၁၁ | ဒေါ်ကြင်ဒွေး | ဦးငွတို | ၈/သရန(နိုင်)၀၁၆၈၉၄ | ၁၉၇၆ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၂၅၆၆၃၆၅၃၇ |

**သရက်မြို့နယ်၊ အင်းမငယ်ကျေးရွာအုပ်စု၊ အင်းမငယ်ကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ဦးကျော်သိန်း | ၈/သရန(နိုင်)၀၃၆၉၁၇ | ၁၉၅၇ | ၁၀–တန်း | ဥက္ကဋ္ဌ | ၀၉–၄၄၈၉၅၃၈၂၉ |
| ၂ | ဦးချစ်မင်းအောင် | ဦးကြည်ဝင်း | ၈/သရန(နိုင်)၀၅၅၁၈၃ | ၁၉၈၀ | ၈–တန်း | အတွင်းရေးမှူး(၁) | ၀၉–၉၆၀၂၇၄၈၆၅ |
| ၃ | ဒေါ်မိုးမိုးအေး | ဦးပေါက်လှော် | ၈/သရန(နိုင်)၀၈၇၂၅၂ | ၁၉၈၇ | ၄–တန်း | အဖွဲ့ဝင် | ၀၉–၄၂၃၆၃၅၈၆၁ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၂ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၂၀ | ၃၄ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၂၀ | ၃၇ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၄ | ၂၄၉ | ၄၅၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၂၁ | ၃၆ |
| **စုစုပေါင်း** | | **၂၆၄** | **၃၂၄** | **၅၈၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၈** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာတွင် အိမ်ထောင်စု (၁၅၈)စု၊ အမျိုးသား (၂၆၄)ဦး၊ အမျိုးသမီး (၃၂၄)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၅၈၉)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၅၁%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေး ဦးရေ (၇၁%)၊ သက်ကြီးရွယ်အိုဦးရေ (၃.၆%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင် သောအရွယ်ရှိ လူဦးရေ (၄၅%)ရှိသဖြင့် လူသားအရင်း အမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဆိုပါက ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ် ကြသူများဖြစ်ပါသည်။

(ခ)	အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၃ | ၁၇၀ | ၁၅၀ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၅၅ | ၁၅၀ | | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | - | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | နိမ့် |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | နိမ့် |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | - | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၀ | - | နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | နိမ့် |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | - | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | |
| ၇ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - |
| ၈ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | နိမ့် |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | နိမ့် |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား/ကျပန်း /ရာသီအလိုက် အလုပ်သမား | - | - | - | - |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - |
| | **စုစုပေါင်း** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ လူဦးရေ၏ ( %)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက**

လုပ်ကိုင်ကြပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (    %)၊ လက်သမား/ ပန်းရံလုပ်ငန်း လုပ်ကိုင်သူ (    %)၊ နေ့စား/ကျပန်းလုပ်ကိုင်သူ (    %)နှင့် နိုင်ငံခြားသို့ ရွှေ့ပြောင်း လုပ်ကိုင်သူ (        %)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် အထည်ချုပ်စက်ရုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စား/ လစား အဖြစ်လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေးဌာန/ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ အဖြစ် စက်ချုပ်ခြင်း၊ တောင်း/သက်ကယ်ရက်လုပ်ခြင်း၊ ကိုယ်ပိုင်သုံးဘီးနှင့်ကားများဖြင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၂ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၂၅၀၀ | ၂၅၀၀ | ၁၅၀၀ | ၁၅၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၆၀၀ဝိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀ဝိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၄၀၀ဝိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၂၀၀ဝိ/-)နှုန်း အငှားခေါ်၍ လုပ်ငန်းဆောင်ရွက် ကြရသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်းများတွင် အမျိုးသားလုပ်သားများကို တစ်နေ့ လျှင်(၇၀၀ဝိ/-)နှုန်း၊ အမျိုးသမီးများကို (၅၀၀ဝိ/-)နှုန်းဖြင့် ခေါ်ယူဆောင်ရွက်ကြပါသည်။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၁၄၄.၇၅ | သင့် |
| ယာမြေ / တောင်ယာမြေ | ၁၈၇.၂၅ | သင့် |
| ဥယျာဉ်ခြံမြေ | ၅.၀၀ | သင့် |
| ကိုင်း/ကျွန်းမြေ | ၅.၅၀ | သင့် |
| စုစုပေါင်း | ၃၄၂.၅၀ | သင့် |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၄၄.၇၅)ဧက၊ ယာမြေ(၁၈၇.၂၅)ဧက၊ ဥယျာဉ်ခြံမြေ (၅.၅၀)ဧကနှင့် ကိုင်း (၅.၅၀)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေ ဧက ပိုင်ဆိုင်မှု (၃၄၂.၅၀)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စု တစ်စုလျှင် ပျှမ်းမျှ (၂.၁၇%)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

(၈-၂)  ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | သင့် | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာအနီးတွင် ချောင်းခြောက်တစ်ချောင်းတည်ရှိသဖြင့် သဲနှင့် ကျောက်စရစ်တို့ အနည်းငယ်ရရှိနိုင်သော်လည်း စီးပွားဖြစ် ရောင်းချနိုင်မှု မရှိကြောင်း၊ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ နည်းပါးကြောင်း၊ တွင်းထွက်သယံဇာတ မရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ဃ)   ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၄)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |
| အိမ်အခြေအနေ | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း၊ သက်ကယ်မိုး/ သွပ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| အခြားပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း (၁)လုံး၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဖုန်း | – |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၁၀ | ၂၅ | ၅၀ | ၇၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၁၀)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅)စု၊ မပြေလည်သော အိမ်ထောင်စု (၅၀)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၇၃)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင်မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၃၀ | ချေးယူ = အိမ်ထောင်စု( ၃၀)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၃၀)စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | ၄၃ | ချေးယူ = အိမ်ထောင်စု( ၄၃)စု |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | ၅၀ | ချေးယူ = အိမ်ထောင်စု( ၅၀)စု |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျပန်း/နေ့စား လုပ်ကိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် အချိန်များတွင် နေ့စားလိုက်ရသဖြင့် ဝင်ငွေ ရရှိကြသော်လည်း စိုက်ပျိုးချိန်မဟုတ်သော နွေရာသီကာလများတွင် ဝင်ငွေအနည်းငယ်သာ ဝင်သဖြင့် စားဝတ်နေရေးကြပ်တည်းမှု ကြုံတွေ့ကြရပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန် မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၁၂၃)စု ရှိသည့်အနက် အိမ်ထောင်စု(၃၀)စုခန့်မှာ ဝင်ငွေနည်းပါးသော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်း နှင့် လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရကြောင်း၊ အခြားအိမ်ထောင်စုများမှာလည်း ချေးငွေရယူ၍ စားဝတ်နေရေး အတွက် ဖြေရှင်းကြရကြောင်း သိရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | _ | - | _ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | _ | _ | _ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | _ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (2)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသားဦးဆောင်သည့် အိမ်ထောင်စု(၁)စု သာရှိကြောင်း

တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | ငလျင် | နိမ့် |
| ၂ | အပူလွန်ကဲခြင်း | လတ် |
| ၃ | အအေးလွန်ကဲခြင်း | လတ် |
| ၄ | မိုးခေါင်ခြင်း | လတ် |
| ၅ | စားနပ်ရိက္ခာမဖူလုံမှု | လတ် |
| ၆ | သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ရေ) | လတ် |
| ၇ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | လတ် |
| ၈ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၉ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၀ | တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၃၀)စုခန့်သည် စားနပ် ရိက္ခာမဖူလုံမှုအနေဖြင့် တစ်နှစ်လျှင် ၃-လခန့် ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ကြရကြောင်း၊ မိုးတွင်းကာလတွင်လည်း ကမ်းပါးပြိုခြင်းများ ကြုံတွေ့ကြရကြောင်း တွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုလည်း အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ လမ်းပမ်းဆက်သွယ်ရေးအနေဖြင့် ရွာမှ မြို့နှင့် အခြားရွာများသို့ သွားလိုပါက ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးတွင်းကာလ တွင် လမ်းပမ်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မရှိ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မရှိ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | နိမ့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမှာ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများ

ဖြစ်ပြီး ၄င်းတို့ သည် စာနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ဘာသာရေးအုပ်စု | ၁၀ | – | ၁၀ | ဘာသာရေးသာရေး/နာရေး | ကောင်း |
| ၂ | အမျိုးသမီးရေးရာအဖွဲ့ | လူမှုရေးအုပ်စု | | ၁၅ | ၁၅ | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး | သင့် |
| ၃ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၃၀ | ၁၅ | ၄၅ | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး | သင့် |
| ၄ | အရန်မီးသတ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | – | ၁၀ | လုံခြုံရေးနှင့်ကာကွယ်ရေး | သင့် |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | လူမှုရေးအဖွဲ့ | ၆ | | ၆ | ပညာရေး၊ ငွေကြေး | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ ပညာရေးကဏ္ဍတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ဖွဲ့စည်းထားရှိပြီး ကျေးရွာသမဝါယမအသင်း၊ ဆေးရုံကြီးကြပ်ရေးကော်မတီနှင့် အရန်မီးသတ်အဖွဲ့တို့လည်း ဖွဲ့စည်းထား ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှု

ရှိအောင် ဖွဲ့စည်းဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

အင်းမငယ်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၃၀ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၁၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၅ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၅၈ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၁၂.၅)ဧကအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၂)စု၊ အလယ် အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၄၅)စု၊ မြေပိုင်ဆိုင်မှု အနည်းငယ်သာ ရှိသည့် ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၃၅)စုနှင့် မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၇၃)စု ရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | ၃၅၂.၄ | တစ်နှစ်ပတ်လုံး | ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကို အဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၁၄၄.၇၅ | တင်း | ၃၅ | ၆၀ | ၅၀ | | | | |
| နှမ်း | ၁၈၇.၂၅ | တင်း | ၃ | ၆ | ၄ | | | | |
| ကုလားပဲ | ၈၀.၇၅ | တင်း | ၃၅ | ၅၀ | ၄၀ | | | | |
| | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း နှင့် ကုလားပဲတို့ ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ(၁)ဧကလျှင် အနည်းဆုံး(၃၅)တင်းမှ အများဆုံး(၆၀)တွင်း ပျမ်းမျှလျှင် (၅၀)တွင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့်ရှိပါသည်။ နှမ်း(၁)ဧကလျှင် အနည်းဆုံး(၃)တွင်း၊ အများဆုံး(၆)တွင်း၊ ပျမ်းမျှလျှင်(၄)တွင်း ထွက်ရှိပါသည်။ ကုလားပဲ အထွက်နှုန်းမှာ အနည်းဆုံး(၃၅)တင်း အများဆုံး (၅၀)တင်း၊ ပျမ်းမျှလျှင် (၄၀)တင်း ထွက်ရှိပါသည်။ အဓိက စိုက်ပျိုးသီးနှံများမှာ ကုန်ကျစရိတ်များပြီး သီးနှံ အထွက်နှုန်း နည်းခြင်း၊ ဈေးနည်းခြင်းတို့ကြောင့် စိုက်ပျိုးသည့်တောင်သူများအတွက် အကျိုးအမြတ်ရရှိမှု နည်းပါးလှပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးစသည်တို့ကို အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၃ | – | – | ၁၀၀ |
| လက်တွန်းထွန်စက် | ၂ | – | – | ၁၀ |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – |
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | - | – | – | - |
| ရေစုပ်စက် | ၂၀ | – | – | – |
| ခြေနင်းရေတင်စက် | – | – | – | – |
| မြက်ရိတ်စက် | ၃၀ | – | – | ၅၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် လက်တွန်းထွန်စက် (၃)စက်၊ ပုဂ္ဂလိကပိုင် ရေစုပ်စက် (၂)စက်၊ ပုဂ္ဂလိကပိုင် ရေစုပ်စက် (၂၀)စက် နှင့် ပုဂ္ဂလိကပိုင် မြက်ရိပ်စက် (၃၀)စက် ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အား ဖြင့်သာ လုပ်ကိုင် ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧက အထက် ပိုင်ဆိုင်သော အိမ်ထောင်စု များမှာလည်း မိသားစုဝင်လုပ်အားဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍ သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **သင့်တင့်မျှတ** |
| လယ်ယာမြေ အသုံးချနိုင်မှု | **ကောင်း** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အသင့်အတင့်ရှိ** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **ရသည်** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **ဝယ်ယူရနိုင်သည်** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **ဝယ်ယူရနိုင်သည်** |
| လုပ်သားရရှိနိုင်မှု | **ရနိုင်သည်** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **ရနိုင်သည်** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို ရောင်းချနိုင်သည်** |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ အင်းမငယ်ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာနှင့် အခြားပိုးသတ်ဆေး၊ ဓါတ်မြေဩဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီးအဖြစ် သမဝါယမ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာ အထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **ရာသီဥတုမမှန်** |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အသင့်အတင့်ကျ |
| ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများနှင့် ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု | အလွယ်တကူမရနိုင် |
| ရာသီအလိုက် ရာသီဥတု ခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုအပေါ် အကြံပြုချက်များ လက်လမ်းမီခြင်း | အလွယ်တကူမရနိုင် |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ သီးနှံဈေးကွက် တည်ငြိမ်မှုမရှိခြင်း၊ ဖျက်ပိုးနှင့် ရောဂါကျရောက်မှု များလည်း အသင့်အတင့်ရှိခြင်း စသည့်အခက်အခဲများ ကြုံတွေ့ကြရပါသည်။**

## (၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

**ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅၀ | ၁၈၃ |
| **နို့စားနွား** | ၁ | ၁ |
| **ကျွဲ** | – | – |
| **မြင်း** | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | ၇ | ၂၇၆ |
| သိုး | – | – |
| ဝက် | ၃၀ | ၅၉ |
| ကြက် | ၅၅ | ၅၅၆ |
| ဘဲ | ၃ | ၁၀ |
| နွားနောက် | – | – |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

